KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ

ဒီဇင်ဘာလ ၆ ရက်, ၂၀၂၄ ခုနှစ် /KHRG စာအမှတ်- 24-294-I1

# ဒူးသထူခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ- ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ဘားအံမြို့နယ်အတွင်း SAC ၏လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားနှစ်ဦးဒဏ်ရာရရှိခဲ့ပြီး ဘုန်းကြီးကျောင်းများနှင့် လယ်ယာများ ပျက်စီးသွားခဲ့ခြင်း

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၂၄ ခုနှစ်၊ ဧပြီလတွင် ဒူးသထူ (သထုံ) ခရိုင်၊ ဘားအံမြို့နယ်၌ ဖြစ်ပွားခဲ့သော အဖြစ်အပျက်ကိုဖော်ပြထားပါသည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ ညနေ ၉ နာရီမတိုင်မီ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)** မှ လေကြောင်းတိုက်ခိုက်မှုကို မဲသနကျေးရွာအုပ်စု နှင့် ဟတ္တာလိုက်ကျေးရွာအုပ်စုတို့တွင်ပြုလုပ်ရာ၌ ဗုံးအနည်းဆုံး (၁၈) လုံးကြဲချခဲ့ပါသည်။ အဆိုပါ SAC ၏လေကြောင်းတိုက်ခိုက်မှုကြောင့် ဘုန်းကြီးကြောင်းနှစ်လုံး၊ အနီးအနားရှိလယ်ယာများနှင့် လမ်းတစ်လမ်းလည်းပျက်စီးသွားခဲ့ပါသည်။ SAC မှ ဟတ္တာလိုက်ကျေးရွာအုပ်စုရှိ ဘ--- တောင်ခြေတွင်ရှိသော အ--- ဘုန်းကြီးကြောင်းပေါ်သို့ ဗုံးနှစ်လုံးကြဲချခဲ့သဖြင့် ဘုန်းကြီးကျောင်း၏ခေါင်မိုးများ ပျက်စီးသွားခဲ့ပါသည်။ SAC မှ အနီးအနားတွင်ရှိသောလယ်ယာတွင် ဗုံးတစ်လုံးကိုကြဲချခဲ့ပြီး အနီးအနား၌ရှိသည့်လယ်ယာနှစ်ခုကြားတွင် ဗုံးတစ်လုံးကြဲချခဲ့ပါသည်။ မဲသနကျေးရွာအုပ်စု၊ မ--- ကျေးရွာတောင်ခြေတွင်ရှိသော ဆ--- ဘုန်းကြီးကျောင်းဝင်းထဲသို့ ဗုံးနှစ်လုံး ကြဲချလိုက်သည့်အချိန်တွင် မဲသနကျေးရွာအုပ်စု၊ ဆ--- ကျေးရွာရှိ အသက်ကြီးသည့် အမျိုးသမီးတစ်ဦးနှင့် အသက် (၁၂) နှစ်အရွယ်ရှိ အမျိုးသမီးငယ်တစ်ဦးဒဏ်ရာရရှိသွားခဲ့ကြပါသည်။ အဆိုပါ အမျိုးသမီးငယ်သည် လက်တွင်ဒဏ်ရာရရှိခဲ့ပြီး အဖွားဖြစ်သူမှာ လည်ပင်းနှင့်ခြေဖမိုးတို့တွင်ဒဏ်ရာရရှိသွားခဲ့ပါသည်။ ထို့နောက် SAC မှ လေယာဉ်ဖြင့် မဲသနကျေးရွာအုပ်စု၊ ဆ--- ကျေးရွာရှိရွာသားတစ်ဦး၏နေအိမ်သို့ ဗုံးတစ်လုံးကြဲချခဲ့ပြီး ဆ--- ဘုန်းကြီးကျောင်းအနီးတွင်ရှိသည့် ရွာသားတစ်ဦး၏လယ်ယာတွင် ဗုံးလေးလုံးနှင့် ဆ--- ကျေးရွာအနီးတွင်ရှိသည့် လယ်ယာတစ်ခုတွင် ဗုံးခုနှစ်လုံးကြဲချခဲ့ပါသည်။ ရွာသားများအနေဖြင့် ပေါက်ကွဲသွားသည့်ဗုံးအပိုင်းအစများအားလုံးကို မရှင်းထုတ်နိုင်ကြသဖြင့် လယ်ယာထဲထွန်ယက်စိုက်ပျိုးသည့်အချိန်တွင် ဗုံးအပိုင်းအစများထိ၍ ဒဏ်ရာရရှိမည်ကို စိုးရိမ်ပူပန်နေကြပါသည်။*[1]

[1] ဤအစီရင်ခံစာသည် ၂၀၂၄ ခုနှစ်၊ ဇွန်လတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဒူးသထူခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓာတ်ပုံ နှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

# အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | တိုက်လေယာဉ်ဖြင့် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခြင်း |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ခရိုင်၊ မြို့နယ်၊ ကျေးရွာ အုပ်စု၊ ကျေးရွာ)** | • ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဟတ္တလိုက်ကျေးရွာအုပ်စု၊ ဘ--- တောင်ခြေရှိ အ--- ဘုန်းကြီးကျောင်းနှင့် အ--- ဘုန်းကြီးကျောင်းအနီးရှိ လယ်ယာများ<br>• ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ မဲသနကျေးရွာအုပ်စု၊ မ--- တောင်ခြေရှိ ဆ--- ဘုန်းကြီးကျောင်းနှင့် ဆ--- ကျေးရွာ |

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | |
|---|---|---|
| **အမည်** | နော်ဒ--- | နော်ဃ--- |
| **အသက်** | ၈၅ နှစ် | ၁၂ နှစ် |
| **ကျား/မ** | အမျိုးသမီး | အမျိုးသမီးငယ် |
| **လူမျိုး** | ကရင် | ကရင် |
| **အိမ်ထောင် ရှိ/မရှိ** | အိမ်ထောင်ရှိ | - |
| **အလုပ်အကိုင်** | မှီခို | မှီခို |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | ရွာသား | ရွာသား |
| **နေရပ် ရွာအမည်** | ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ မဲသနကျေးရွာအုပ်စု၊ ဆ--- ကျေးရွာ | ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ မဲသနကျေးရွာအုပ်စု၊ ဆ--- ကျေးရွာ |

| ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာဒေသ** | **အထက်အရာရှိအမည်** |
| - | - | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) တိုက်လေယာဉ် | - | - |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

**(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။**

ဒေသခံခေါင်းဆောင်တစ်ဦး (လုံခြုံရေးအရရာထူးအားဆင်ဆာဖြတ်ထား) မှ ပထမဦးစွာKHRG ကွင်းဆင်းလုပ်သားတစ်ဦးကို ဒဏ်ရာရရှိခဲ့သူနှစ်ဦးနှင့် ပျက်စီးသွားခဲ့သည့်နေရာများအကြောင်းအား ပြောပြခဲ့ပါသည်။ KHRG ကွင်းဆင်းလုပ်သားမှ သတင်းမှတ်တမ်းပြုစုရန်အတွက် ထိုနေရာများသို့သွားခဲ့ပြီး ဒဏ်ရာရရှိခဲ့သည့်နော်ဒ--- နှင့်လယ်သမားတစ်ဦးဖြစ်သည့် စောလ--- တို့အားတွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့ကာ ဒဏ်ရာရရှိသူနှစ်ဦးနှင့် ပျက်စီးသွားသည့်နေရာများကိုလည်းဓာတ်ပုံရိုက်ခဲ့ပါသည်။ အဆိုပါ KHRG ကွင်းဆင်းလုပ်သားမှ လေကြောင်းတိုက်ခိုက်မှုအတွင်း မှုခင်းဖြစ်ပွားခဲ့သည်နေရာတွင်ရှိနေခဲ့သော ဆ--- ဘုန်းကြီးကျောင်းရှိ ဘုန်းကြီးတစ်ပါးနှင့်စကားစမြည်ပြောခဲ့ပါသည်။

**(၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။**

ဤသတင်းအချက်အလက်ကို ဒဏ်ရာရှိခဲ့သည့်နော်ဒ--- နှင့်ဂ--- ကျေးရွာရှိ လယ်သမားတစ်ဦးဖြစ်သည့် စောလ--- တို့အားတွေ့ဆုံမေးမြန်းမှုအသံဖိုင်အားနားဆင်ခြင်း၊ KHRG ကွင်းဆင်းလုပ်သားမှ ရိုက်ထားသည့်ဒဏ်ရာရှိခဲ့သည့် ရွာသားများ၏ဓာတ်ပုံနှင့် ပျက်စီးသွားသည့်ပိုင်ဆိုင်မှုဓာတ်ပုံများကို ကြည့်ခြင်းအားဖြင့် မှန်ကန်ကြောင်းအတည်ပြုနိုင်ပါသည်။

# အဆင့် ၃- အခင်းဖြစ်ပွားပုံ

**အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။**

၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)** မှ ဒူးသထူ (သထုံ) ခရိုင်၊ ဘားအံမြို့နယ်၊ မဲသနကျေးရွာအုပ်စု မ--- တောင်ခြေရှိ ဆ--- ဘုန်းကြီးကျောင်းနှင့် ဟတ္တလိုက်ကျေးရွာအုပ်စုရှိဘ--- တောင်ခြေတွင်ရှိသော အ--- ဘုန်းကြီးကျောင်းပေါ်သို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ ညဘက် ၉ နာရီမတိုင်မီ SAC မှ တိုက်လေယာဥ်တစ်စီးဖြင့် ဟတ္တလိုက်ကျေးရွာအုပ်စုရှိ အ--- ဘုန်းကြီးကျောင်းပေါ်သို့ ဗုံးသီးငယ်နှစ်လုံးကြဲချခဲ့ပြီး ဗုံးသီးအစနှစ်စသည့် ဘုန်းကြီးကျောင်းခေါင်မိုးနှင့် စေတီကိုလည်းထိမှန်ခဲ့ပါသည်။ ထိုနည်းတူ ဗုံးသီးငယ်တစ်လုံးကို အ--- ဘုန်းကြီးကျောင်းအနီးရှိ စောဟ--- လယ်ထဲတွင်ကြဲချခဲ့ပြီး အခြားဗုံးသီးငယ်တစ်လုံးကို စောဧ--- နှင့် စောသ--- လယ်ယာကြားတွင် ကြဲချခဲ့ပါသည်။

ထို့နောက် ညဘက် ၉ နာရီအချိန်တွင် မဲသနကျေးရွာအုပ်စု၊ မ--- ကျေးရွာတောင်ခြေတွင်ရှိသော ဆ--- ဘုန်းကြီးကျောင်းဝင်းထဲသို့ ဗုံးနှစ်လုံးအား ကြဲချလိုက်သဖြင့် အသက် ၈၅ နှစ်အရွယ်ရှိအဖွားအိုတစ်ဦးနှင့် ၎င်း၏ အသက် ၁၂

နှစ်အရွယ်ရှိ မြေးမလေးတစ်ဦးဒဏ်ရာရရှိသွားခဲ့ပြီး နှစ်ခန်းတွဲအိမ်သာတစ်လုံးပျက်စီးသွားခဲ့ပါသည်။ ဘုန်းကြီးကျောင်းပေါ်သို့ တိုက်လေယာဥ်ပျံဝဲသည့်အသံကို ကြားရပြီးသည့်နောက် အဖွားဖြစ်သူမှ မြေးမလေးကိုခေါ်ပြီး အပြင်သို့ထွက်ရန်အတွက် ဘုန်းကြီးကျောင်းအောက်ထပ်သို့ဆင်းသွားခဲ့ပါသည်။ ၎င်းတို့သည် ဘုန်းကြီးကျောင်းဘေးရှိ မရမ်းပင်အောက်တွင် ပုန်းခိုနေစဥ် ၎င်းတို့ရှေ့တွင် (ခန့်မှန်းခြေ) အလယ်အလတ်ရှိသော ဗုံးသီးတစ်လုံး ကျရောက်ပေါက်ကွဲသွားခဲ့ပါသည်။ ၎င်းတို့ပုန်းခိုသောနေရာနှင့် ဗုံးသီးကြဲချသည့်နေရာသည် ပေ (၂၀) (၆ မီတာ) ခန့်သာကွာဝေးပါသည်။ ထို့ကြောင့် မြေမဖြစ်သူ၏ညာဘက်လက်မောင်းကို ဗုံးစထိမှန်ပြီး အဖွားဖြစ်သူမှာ ညာဘက်ခြေဖမိုးအား ဗုံးစများထိမှန်ခဲ့ပါသည်။ မြေမလေးဖြစ်သူ၏အဖွားမှာ ခြေချောင်းအကြောသုံးချောင်း ပြတ်ရှခြင်းနှင့်အတူ ဘယ်ဘက်ခြေချောင်းအကြောနှစ်ချောင်းပါ ထိမှန်ဒဏ်ရာရှိသွားခဲ့ပါသည်။ ထို့အပြင် ၎င်း၏ ဘယ်ဘက်လည်ချောင်းကိုလည်း ဗုံးစထိမှန်ခဲ့ပါသည်။ ဆ--- ဘုန်းကြီးကျောင်းရှိ (အမည်မသိ) ကျောင်းထိုင်ဆရာတော်မှ အဖွားဖြစ်သူအား ဘယ်မှမသွားရန်နှင့် ဘုန်းကြီးကျောင်းထဲတွင်သာနေရန် ပြောသော်လည်း အဖွားဖြစ်သူသည် မလုံခြုံသည်ဟုခံစားရသဖြင့် ကျောင်းအောက်သို့ဆင်းပြီး ပုန်းခိုရာမှ ထိုသို့ဗုံးစများနှင့် ထိမှန်ခဲ့ကြောင်း KHRG သို့ပြောပြခဲ့ပါသည်။ ဒုတိယဗုံးသီးတစ်လုံးသည် နှစ်ခန်းတွဲအိမ်သာရှေ့သို့ကျရောက်ပေါက်ကွဲသွားခဲ့သဖြင့် ဗုံးအစအနများသည် အိမ်သာကိုထိမှန်ပြီး ပျက်စီးသွားခဲ့ပါသည်။







ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ မဲသနကျေးရွာအုပ်စု၊ မ--- တောင်ခြေရှိ ဆ--- ဘုန်းကြီးကျောင်းတွင် ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံတို့သည် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ ညနေဘက်တွင်ပြုလုပ်ခဲ့သော SAC ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားခဲ့သည့် အသက် ၈၅ နှစ်အရွယ်ရှိအဖွားအိုတစ်ဦးနှင့် ၎င်း၏ အသက် ၁၂ အရွယ်ရှိသည့်မြေမလေးတို့၏ ပုံဖြစ်ပါသည်။ ဆ--- ကျေးရွာတွင်ရှိသည့် ဘုန်းကြီးကျောင်းအား ဗုံးသီးငယ်နှစ်လုံးထိမှန်ပြီး လေယာဥ်ပျံဝဲသံကိုကြားသည့်အချိန် အပြင်ဘက်ရှိသစ်ပင်အချို့အောက်တွင် ပုန်းခိုနေခဲ့သောရွာသားနှစ်ဦး ဒဏ်ရာရရှိသွားခဲ့ပါသည်။ မြေးမဖြစ်သူ၏ညာဘက်လက်မောင်းကို ဗုံးစထိမှန်ပြီး အဖွားဖြစ်သူမှာ ညာဘက်ခြေဖမိုးအား ဗုံးစများထိမှန်ခဲ့ပြီး ခြေချောင်းအကြောသုံးချောင်းပြတ်ရှခဲ့ကာ ဘယ်ဖက်ခြေချောင်းလည်း ထိမှန်ဒဏ်ရာ ရှိသွားခဲ့ပါသည်။ ထို့အပြင် ၎င်း၏ ဘယ်ဘက်လည်ချောင်းမှာလည်း ဒဏ်ရာရရှိခဲ့ပါသည်။ *(ဓာတ်ပုံ- KHRG)*

ထိုနည်းတူ ဆ--- ဘုန်းကြီးကျောင်းကို ဗုံးများထိမှန်ပြီးနောက် ဘားအံမြို့နယ်၊ မဲသနကျေးရွာအုပ်စု၊ ဆ--- ကျေးရွာရှိ စောက--- ၏အိမ်ခြံဝန်းအနီးတွင် SAC ပစ်ခတ်လိုက်သော ဗုံးသီးငယ်တစ်လုံးကျရောက်ပေါက်ကွဲသွားခဲ့ပါသည်။ အဆိုပါဗုံးလေးလုံးအနက် တစ်လုံးသည် ကျွဲခြံဝန်းထဲကျရောက်ခဲ့သော်လည်း ကျွဲတစ်ကောင်မှ ဒဏ်ရာမရရှိခဲ့ပါ။

ထို့နောက် SAC မှ မဲသနကျေးရွာအုပ်စု၊ ဂ--- ကျေးရွာရှိ ဆ--- ဘုန်းကြီးကျောင်းအနီးတွင်ရှိသော အသက် ၆၀ နှစ်အရွယ်ရှိ ရွာသားတစ်ဦးဖြစ်သည့် စောလ--- ၏ လယ်ယာထဲသို့ ဗုံးလေးလုံးကြဲချခဲ့ပါသည်။ စောလ--- သည် ခြံထဲတွင် ကြံ၊ ကြက်မောက်ပင်နှင့် စပါးများစိုက်ပျိုးထားပါသည်။ စောလ--- မှ KHRG အားဤကဲ့သို့ပြောပြခဲ့ပါသည်။ *“ကျွန်နော်ပြောချင်တာကတော့ ကြဲချလိုက်တဲ့ဗုံးသီးတွေရဲ့အပိုင်းအစကို ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ။ လုံခြုံတဲ့နေရာတစ်နေရာမှာ ဝှက်ထားရမလား။ ကျွန်တော်တို့ရဲ့လက်နဲ့ခြေထောက်တွေထိခိုက်ရှမိသွားနိုင်တယ်။ ဗုံးအစအနအားလုံးကို မစုသိမ်းနိုင်ဘူး။”* ဗုံးများသည် စောလ--- ၏လယ်ထဲတွင် ကျရောက်ပေါက်ကွဲသွားသဖြင့် လယ်ယာထဲထွန်ယက်စိုက်ပျိုးနေစဉ်တွင် ၎င်း၏လက်နှင့်ခြေထောက်များ ဗုံးအပိုင်းအစထိမှန်ဒဏ်ရရှိမည်ကို စိုးရိမ်ပူပန်နေပါသည်။ ၎င်း၏လယ်ယာသည် မဲသနကျေးရွာအုပ်စု၊ ဆ--- ဘုန်းကြီးကျောင်းနည်းတူ မ--- တောင်ခြေတွင်တည်ရှိပါသည်။

ထို့အပြင် SAC တိုက်လေယာဉ်တစ်စီးမှ ဆ--- ကျေးရွာမှ စောန--- အမည်ရှိရွာသားတစ်ဦး၏ လယ်ထဲသို့ ဗုံးခုနှစ်လုံးကြဲချခဲ့ပါသည်။ အဆိုပါ ဗုံးခုနှစ်လုံးတွင် ဆ--- ကျေးရွာနှင့် ဂ--- ကျေးရွာသို့သွားရာလမ်းတစ်လျှောက်လမ်းနှင့် ပေ (၂၀) နှင့် ပေ (၃၀) (၆ မီတာမှ ၉ မီတာ) အကွာခန့်တွင်သာ ကျရောက်ပေါက်ကွဲခဲ့ပြီး မြေကြီးကျင်းပေါက်များဖြစ်သွားခဲ့ပါသည်။ ထို ခုနှစ်လုံးထဲမှ တစ်လုံးသည် လမ်းအလယ်တည့်တည့်တွင် ကျရောက်ပေါက်ကွဲသွားခဲ့ပြီး လမ်းပျက်စီးသွားခဲ့ပါသည်။ SAC တိုက်လေယာဉ်လာရောက်၍ နာရီဝက်ကျော်ကြာ ပျံဝဲဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။




ဤဓာတ်ပုံများကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ မဲသနကျေးရွာအုပ်စု၊ ဆ--- ဘုန်းကြီးကျောင်းအနီးတွင် ရိုက်ယူခဲ့ပါသည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့တွင် SAC တိုက်လေယာဉ်တစ်စီးမှ မဲသနကျေးရွာအုပ်စုရှိ ဆ--- ဘုန်းကြီးကျောင်းသို့ ဗုံးနှစ်လုံးကြဲချခဲ့ပြီး ဆ--- ဘုန်းကြီးကျောင်းနှင့်အနီးတွင်ရှိသောစောလ--- ၏လယ်ထဲသို့ ဗုံးလေးလုံးကြဲချခဲ့ပါသည်။ ဘယ်ဖက်တွင်ရှိသောပုံသည် SAC ၏လေကြောင်းတိုက်ခိုက်မှုကြောင့် စောလ--- ၏ ကျွဲခြံဝန်းထဲကျရောက်ပေါက်ကွဲသော ဗုံးကျင်းတစ်ကျင်း၏ပုံဖြစ်သည်။ ညာဖက်တွင်ဖော်ပြထားသောပုံသည် SAC ၏လေကြောင်းတိုက်ခိုက်မှုကြောင့် ဆ--- ဘုန်းကြီးကျောင်း၏အပြင်ဘက်တွင်ရှိသော နှစ်ခန်းတွဲအိမ်သာတစ်လုံးပျက်စီးသွားသောပုံဖြစ်ပါသည်။ *(ဓာတ်ပုံ- KHRG)*

# အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သော နည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| --- |
| ဤသတင်းအချက်အလက်ကို [KHRG အား သတင်းအချက်အလက်ထုတ်ဝေရန်ခွင့်ပြုချက်ပေးခဲ့သော တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့သည့် လယ်သမားတစ်ဦးနှင့် နော်ဒ--- တို့မှ] အသုံးပြုရန်ခွင့်ပြုချက်ပေးခဲ့ပါသည်။ |

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။